**ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

www.knuhq.org

## စောနယ်ဒါးမြနှင့်ပတ်သက်၍ ကရင်အမျိုးသားအစည်းအရုံး(KNU) ၏ သတင်းထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ် ဇူလိုင်လ (၂၀) ရက်**

၂၀၂၂ ခုနှစ် ဇူလိုင်လ (၁၉) ရက်တွင် ကရင့်အမျိုးသားတော်လှန်ရေး၊ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တော်လှန်သည့် ပြည်သူ့တော်လှန်ရေးနှင့် ပတ်သက်ပြီး ရှုပ်ထွေးမှုဖြစ်စေသော ဖွဲ့စည်းမှုတရပ်ကို စောနယ်ဒါးမြက ပြုလုပ်ခဲ့ပြီး၊ KAWTHOOLEI ARMY (ကီၢ်သူလ့ၤသုးမုၢ်ဒိၣ်) ၏ စစ်ဦးစီးချုပ်အဖြစ် မိမိကိုယ်ကို သတ်မှတ်၊ ခန့်အပ်၊ လက်မှတ်ရေးထိုး ထုတ်ပြန်မှုတခု လူမှုကွန်ယက်တွင် ပြန်နှံ့ ပေါ်ပေါက်လာသည့်အတွက် KNU အနေဖြင့် ရှင်းလင်းအပ်ပါသည်။

၁။ ၁၀/၉/၂၀၁၃ ရက်တွင် ကာကွယ်ရေးဌာန၊ ကရင်အမျိုးသားအစည်းအရုံး(KNU) က စောနယ်ဒါးမြအား ကရင့်အမျိုးသားကာကွယ်ရေးအဖွဲ့အစည်း (KNDO) ၏ စစ်ဦးစီးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။ ၎င်းစတင် တာဂန်ထမ်းဆောင်ချိန်မှစတင်၍ စစ်ဦးစီးဌာနချုပ် နှင့် KNU ၏ အဖွဲ့အစည်းခေါင်းဆောင်တဦး အနေဖြင့် လိုက်နာရမည့်စည်းမျဥ်းစည်းကမ်း၊ တာဂန်ဂတ္တရားများကို ချိုးဖောက်လေ့ရှိခဲ့ပြီး ၎င်းအား ဦးဆောင်တည့်မတ် ခဲ့ရမှုများ အကြိမ်ပေါင်းများစွာပြုလုပ်ခဲ့ရပါသည်။

၂။ စောနယ်ဒါးမြသည် “ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်၊ တပ်မဟာ (၇) မှူး ဗိုလ်မှူးချုပ်ထိန်မောင် ဦးဆောင်ပြီး မိခင် KNU မှခွဲထွက်ရန် နအဖ (နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ) နှင့် ပြုလုပ်သည့် တွေ့ဆုံညှိနိုင်းမှုများတွင် တက်တက်ကြွကြွ ပါဂင်ခဲ့ပါသည်။ ၎င်းသည် ၂၀၀၇ ခုနှစ်၊ ဇန်နဂါရီလ (၃၁) ရက်နေ့၌ ဖွဲ့စည်းလိုက်သည့် ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA - PC) ၏ ကနဦး ဖွဲ့စည်းမှုတွင် အတွင်းရေးမှူး - ၁ အဖြစ် ပါဂင်ခဲ့ပါသည်။ သို့သော် ၎င်းအဖွဲ့အစည်းဖွဲ့စည်းမှုတွင် အမည်နာမအားဖြင့် ကိုယ်တိုင်မပါဂင်ဘဲ ထည့်သွင်းဖော်ပြခြင်းခံခဲ့ရသူ ခေါင်းဆောင်အသီးသီးက ၎င်းအဖွဲ့အစည်းနှင့်ကင်းရှင်းကြောင်း တရားဂင်ထုတ်ပြန်ကြေငြာမှု အသီးသီး ပြုလုပ်ခဲ့ကြသော်လည်း စောနယ်ဒါးမြသည် ယင်းသို့ တရားဂင် ထုတ်ပြန် ကြေငြာရန် ပျက်ကွက်ခဲ့ပါသည်။

၃။ စောနယ်ဒါးမြသည် ကာကွယ်ရေးဌာနနှင့် KNLA ၏ စည်းမျဥ်း၊ စည်းကမ်းများ၊ တပ်မှူးများအစည်းအဝေး ဆုံးဖြတ်ချက်များအား လိုက်နာရန် ပျက်ကွက်မှု များစွာရှိခဲ့ပြီး မိမိသဘောဖြင့် နိုင်ငံရပ်ခြားတွင် KNDO

အဖွဲ့အစည်းကို ဖွဲ့စည်းပြီး ရာထူးပေးအပ်ခြင်း၊ ငွေကြေး ကောက်ခံခြင်းများအား တရားမဝင် ပြုလုပ်ခဲ့ပါသည်။

၄။ ဒူးပလာယာခရိုင်၊ ဖလူး -ဝေါ်လေဒေသတွင် ဖြစ်ပေါ်ခဲ့သော ဥပဒေပြင်ပ သတ်ဖြတ်မှုနှင့် ပတ်သက်သည့် အမှုအတွက် ပြုလုပ်သည့် စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်အတွက် ဗိုလ်မှူးချုပ် စောနယ်ဒါးမြအား (၅/၇/၂၀၂၁) တွင် တာဝန်မှ ယာယီ ရပ်ဆိုင်းထားခဲ့ ပြီး ဗိုလ်မှူးကြီး စောရိုးလေအား ယာယီ အစားထိုး တာဝန်ပေးအပ်ပါသည်။

၅။ ၎င်းသည် KNU မှ ဖွဲ့စည်းထားသည့် “လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မတီ” ၏ အကြိုကာလ လုပ်ငန်းစဉ်၊ စုံစမ်းစစ်ဆေးရေးကာလလုပ်ငန်းစဉ်နှင့် အဆုံးသတ်လုပ်ငန်းစဉ် စသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ခေါင်းဆောင်တဦးအနေဖြင့် တာဝန်ယူ၊ တာဝန်ခံစွာဖြင့် ပူးပေါင်း ပါဝင်ရေးအတွက် ပျက်ကွက်ခဲ့ပြီး နောက်ဆုံး KNU ၏ တရားစီရင်ရေး လုပ်ငန်းစဉ်ကို ဆန့်ကျင်ရှောင်လွှဲခဲ့ပါသည်။

၆။ ထို့ကြောင့် စောနယ်ဒါးမြအား (၁၇/၁/၂၀၂၂) တွင် တာဝန်နှင့် ရာထူးမှ လုံးဝ ရပ်ဆိုင်းခဲ့ပြီး လစ်လပ်သွားသည့် KNDO စစ်ဦးစီးချုပ်နေရာအား ဗိုလ်မှူးကြီးစောရိုးလေအား (၁၇/၇/၂၀၂၂) ရက်တွင် အစားထိုးတာဝန် ပေးအပ်ခဲ့ပြီးလည်းဖြစ်ပါသည်။

၇။ ၎င်းလုပ်ရပ်များကြောင့် ဇွန်လဆန်းပိုင်းက လူမှုကွန်ယက်တွင် ပြန့်နှံ့ခဲ့သည့် ဥကရေထစခန်းမှ ဖမ်းဆီးခြင်းခံခဲ့ရသည့် စစ်သုံးပန်းများအား ဥပဒေပြင်ပ သတ်ဖြတ်မှုနှင့်ပတ်သက်သည့် သံသယဖြစ်ဖွယ်ရာ ပါဝင်ပတ်သက်သူများအား KNU ၏ တရားစီရင်ရေးဘောင်ထဲသို့ပို့ဆောင်စစ်ဆေးရေးသည့် လုပ်ငန်းစဉ်ကိုလည်း ထိခိုက်စေပါသည်။

စောနယ်ဒါးမြ၏ စစ်ဦးစီးချုပ်အဖြစ် (၁၉/၇/၂၀၂၂) ရက်တွင် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည့် KAWTHOOLEI ARMY (ကီၢ်သူလ့ၤသုးမှ်ဒိၣ်) ဖွဲ့စည်းရေးသည် KNU ၊ KNLA နှင့် ပတ်သက်ခြင်းမရှိပါကြောင်းကို နိုင်ငံတကာအစိုးရများနှင့် အဖွဲ့အစည်းများ၊ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်သည့် ပြည်တွင်း၊ပြည်ပ ပြည်သူလူထုနှင့် တော်လှန်ရေးအဖွဲ့အစည်း အသီးသီးသို့ လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

၎င်း၏အထက်ပါလုပ်ရပ်ကြောင့် (၂၀/၇/၂၀၂၂) တွင် ပြုလုပ်ခဲ့သည့် အရေးပေါ် ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးမှ စောနယ်ဒါးမြအား KNU မှ ထုတ်ပယ်ရန်ဆုံးဖြတ်ကြောင်း၊ ၎င်း၏လုပ်ရပ်များသည် မိမိတို့နှင့် မသက်ဆိုင်တော့ပါကြောင်း သိစေအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး

ဆက်သွယ်ရန်၊

(၁) ပဒိုစောကွယ်ထူးဝင်း (+၆၆ ၈၁၈ ၀၇၆ ၂၇၉)
(၁) ပဒိုစောတာဒိုမူး (+၆၆ ၆၄၆ ၄၅၉ ၁၁၃)
(၁) ပဒိုစောတောနီး (+၆၆ ၆၃၀ ၂၀၂ ၄၁၀)